# ကယားပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် ( ၅ / ၂၀၁၅ )

## ၁၃၇၆ ခုနှစ် ၊ တန်ခူးလဆန်း ( ၄ ) ရက်

## ( ၂၀၁၅ ခုနှစ် ၊ မတ် လ ၂၃ ရက် )

## နိဒါန်း

ကယားပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာနသည် ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့များဥပဒေ ပုဒ်မ ( ၉၀ ) ပုဒ်မခွဲ( က )အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ကယားပြည်နယ်အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ဤနည်းဥပဒေကို ထုတ်ပြန်လိုက်သည်။

## အခန်း(၁)

## အမည်နှင့်အဓိပ္ပါယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေကို "ကယားပြည်နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အဖွဲ့ပိုင် ရေပေးဝေရေးလုပ်ငန်းများဆောင်ရွက်ခြင်းကို ကြီးကြပ်စီမံခန့်ခွဲရန် စည်ပင်သာယာရေးဆိုင်ရာနည်းဥပဒေ" ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည်-

(က) **ပြည်နယ်ဆိုသည်မှာ** ကယားပြည်နယ်ကိုဆိုလိုသည်။

( ခ ) **အစိုးရအဖွဲ့ဆိုသည်မှာ** ကယားပြည်နယ်အစိုးရအဖွဲ့ကိုဆိုသည်။

( ဂ ) **ကော်မတီဆိုသည်မှာ** မြို့နယ်စည်ပင်သာယာရေးအဖွဲ့များကိုဆိုသည်။

(ဃ) **ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ဆိုသည်မှာ** ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့ကိုဆိုလိုသည်။

( င ) **ပြည်နယ် နယ်နိမိတ်ဆိုသည်မှာ** ကယားပြည်နယ်စည်ပင်သာယာရေးနယ်နိမိတ်ကိုဆိုလိုသည်။

(စ) **အဆောက်အအုံဆိုသည်မှာ** လူနေအိမ်များ၊ ပညာသင်ကျောင်းများ၊ သာသနာရေးဆိုင်ရာ အဆောက်အအုံများ တည်းခိုခန်းနှင့် အခကြေးငွေ ယူငှားရမ်းသုံးစွဲသည့် အဆောက်အအုံများ ၊ဆေးရုံ၊ ဆေးခန်းများ၊ တဲများ၊ သိုလှောင်ရုံများ၊ အစိုးရရုံးများ ၊အလုပ်ရုံများနှင့် လူ၏လုပ်အား ကို အသုံးပြုသော အလုပ်ခွင်ဆိုင်ရာ အဆောက်အအုံများကိုဆိုလိုသည်။

(ဆ) **ရေပေးဝေသည့် အရင်းအမြစ်ဆိုသည်မှာ** မြို့နယ်အတွင်း ရေပေးဝေသော အဖွဲ့ပိုင်ရေလှောင်ကန်၊ ရေစက်ရုံ၊ ရေစင်၊ ရေသွယ်ပိုက်လိုင်း၊ ရေထိန်းဘား အစရှိသည့် ရေးပေးဝေမှုလုပ်ငန်းနှင့် သက်ဆိုင်သည် တို့ကို ဆိုလိုသည်။

(ဇ) **ရေပြွန်တိုင်များဆိုသည်မှာ** အဖွဲ့၏ခွင့်ပြုချက်ဖြင့် တပ်ဆင်အသုံးပြုနေသည့် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ အများပြည်သူ အသုံးပြုသည့်ရေတိုင်များ၊ ပုဂ္ဂလိကရေတိုင်များ၊ စီးပွားရေးအလို့ငှာအသုံးပြုသည့် ရေတိုင်များအားလုံးကိုဆိုလိုသည်။

(ဈ) **ရေမီတာခဆိုသည်မှာ** မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အဖွဲ့ပိုင်ရေပေးဝေမှုစနစ်အရရေသွယ်ယူသုံးစွဲသည့်အခွန်ထမ်းပြည်သူများ မှသုံးစွဲသည့်ရေပမာဏ အလျောက်လအလိုက် ကျခံရသည့်ငွေကြေး ကိုဆိုလိုသည်။

(ည) **ကိုယ်ပိုင်ရေပြွန်တိုင်ဆိုသည်မှာ** အိမ်ပိုင်ရှင်သည်အဖွဲ့မှရေသုံးစွဲခြင်း အတွက် သတ်မှတ်ပြဌာန်းထားသည့် ရေမီတာခပေးဆောင်၍ ရေသွယ် ပိုက်မှတစ်ဆင့် အဖွဲ့၏ခွင့်ပြုချက်ဖြင့် ဆက်သွယ်တပ်ဆင်အသုံးပြုသည့် ရေပြွန်တိုင်များကိုဆိုလိုသည်။

(ဋ) **ရေခွန်ဆိုသည်မှာ** အများပြည်သူသုံးစွဲရန် အဖွဲ့ရေပေးရေးလုပ်ငန်းမှ အများပြည်သူသုံးစွဲရေး ရေကန် ၊ ရေတိုင်နှင့် ပေ( ၃၀၀ )စက်ဝိုင်းအတွင်းရှိ အဆောက်အအုံများမှ စည်းကြပ်သည့် အခွန်ကိုဆိုသည်။

## အခန်း(၂)

## ရည်ရွယ်ချက်

၃။ ဤနည်းဥပဒေ၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြည်နယ်နှင့်မြို့ပြများ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် စည်ပင်သာယာရေး ကြီးကြပ်မှုများမှ အခွန်၊ အခ၊ အကောက်များဖြင့် စည်းကြပ်ကောက်ခံ၍အထောက်အပံ့ပြုနိုင်ရန်၊

( ခ ) ပြည်နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ အဖွဲ့ပိုင်ရေပေးဝေရေး လုပ်ငန်းများ ဆောင်ရွက်ခြင်းကို စနစ်တကျ ကြီးကြပ်စီမံဆောင်ရွက်နိုင်စေရန်။

## အခန်း ( ၃ )

## တားမြစ်ချက်များ

၄။ အဖွဲ့၏ခွင့်ပြုချက်လိုင်စင်မရှိဘဲ (သို့မဟုတ်) ခွင့်ပြုချက်လိုင်စင်ပါသတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသော စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိဘဲ မည်သူ မျှ ပြည်နယ်၊ မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ရေပေးဝေရေးလုပ်ငန်းနှင့် ဆက်စပ်သောလုပ်ငန်းအရပ်ရပ်အား ဆောင်ရွက်ခြင်းကိုမပြုလုပ်ရ။

၅။ အဖွဲ့သည် ဖွင့်လှစ်ခွင့်ပြုလုပ်ကိုင်ခွင့်ပြုထားသည့် ပုဂ္ဂလိကရေပေးဝေရေးလုပ်ငန်းရှင်များနှင့်စပ်လျဉ်း၍ မှတ်ပုံတင်ကြီးကြပ်ရမည်။

၆။ အဖွဲ့မှပိုင်ဆိုင်သည့် ရေပေးဝေရေးလုပ်ငန်း တစ်စုံတစ်ရာမှသော်လည်းကောင်း၊ ရေလွှတ်ပိုက်များမှသော်လည်းကောင်း၊ အဖွဲ့၏တရားဝင်ခွင့်ပြုချက်မရရှိဘဲ မည်သူတစ်ဦးမျှ ရေများသွယ်တန်းဖောက်ယူခြင်း၊ သွန်ချဆေးကြောခြင်း၊ ရေစီးဆင်းစေခြင်း၊ ရေလွှတ်ထုတ်ခြင်း၊ ရေစီးရေလာကိုပိတ်ဆို့ခြင်း မပြုလုပ်ရ ။ ဤစည်းကမ်းများနှင့်အညီ မိမိတို့ထံသို့ပေးသွင်းသည့်ရေကို အချည်းနှီးမဖြုန်းတီးရ။

၇။ အဖွဲ့မှ ဖြန့်ဝေသည့်ရေကို မတရားသဖြင့် မည်သူမဆို-

(က) အိမ်တွင်းမှုကိစ္စအတွက် ဤစည်းကမ်းချက်များအရ သုံးစွဲခွင့်ပြုသည့် ရေကို အခြားတစ်ပါးကိစ္စများအတွက် မသုံးစွဲရ၊

(ခ) ဤစည်းကမ်းချက်များ အပိုဒ် ၁၅ အရ သုံးစွဲခွင့်ပြုထားသော ရေကို တစ်ခြား ကိစ္စရပ်များတွင် အသုံးမပြုရ။

၈။ မည်သူမဆို-

(က) ရေပေးရေးလုပ်ငန်းနှင့်သက်ဆိုင်သော ရေချောင်း၊ ရေလှောင်ကန် (သို့မဟုတ်) ရေပေးပြွန်တိုင်နေရာ အနီးအနား၌ ရေးချိုးခြင်း ၊ အဝတ်အထည် လျှော်ဖွတ် ခြင်း၊ ယာဉ်များဆေးကြောခြင်း၊ တိရိစ္ဆာန်တစ်စုံတစ်ရာကို ရေချိုးလောင်းခြင်း (သို့မဟုတ်) ဖြတ်ရောက် သွားလာစေခြင်း ၊ အမှိုက်သရိုက် ၊ ဆေးဝါးတစ်စုံတစ်ရာ အန္တရာယ်ရှိ စေသည့်အရာဝတ္ထုတို့ပစ်ချခြင်း ၊ နံစော်သည့်အရာများ ဆေးကြောခြင်း၊ ဖွတ်လျှော်ခြင်းမပြုလုပ်ရ၊

(ခ) မိမိပိုင်ဆိုင်သည့် (သို့မဟုတ်) ကြီးကြပ်ရသည့် ရေပိုက် ရေဝပ်မြောင်း၊ မြေမြုပ်ပိုက်လိုင်း၊ ရေထုတ်မြောင်းတစ်စုံတစ်ရာရှိ ရေကိုဖြစ်စေ၊ ရေဆိုး ရေညစ်များကိုဖြစ်စေ မသန့်သော ရေတစ်စုံတစ်ရာကိုဖြစ်စေ စီးဆင်း စေခြင်းဖြင့် ရေပေးရေးလုပ်ငန်းနှင့် သက်ဆိုင်သောရေလှောင်ကန် (သို့မဟုတ်) ရေပေးပြွန်တိုင် ၊ရေပိုက်လိုင်းနေရာများကို ညစ်ညမ်းစေရန် မပြုလုပ်ရ။

၉။ မည်သူမဆို အဝတ်အထည်လျှော်ဖွတ်ရန်ဖြစ်စေ ၊အိုးခွက်များဆေးကြောရန်ဖြစ်စေ ၊ယာဉ်များဆေးကြောရန်ဖြစ်စေ၊ မိမိကိုယ်တိုင်သော်လည်းကောင်း အခြားသူတစ်ဦး ဦးကိုသော်လည်းကောင်းရေချိုးစေရန်၊ အခြားသုံးစွဲမှုပြုစေရန်ဖြစ်စေ၊ တိရစ္ဆာန်များအတွက် ရည်ရွယ်သုံးစွဲခြင်းတစ်မျိုးမျိုးကိုဖြစ်စေ အများပြည်သူဆိုင်ရာရေပြွန်တိုင်၊ ရေပေးဝေပိုက် လိုင်းများကိုအသုံးမပြုရ။

၁၀။ မည်သူမဆိုအဖွဲ့၏ ခွင့်ပြုမိန့်မရရှိဘဲ အဆောက်အအုံဆောက်လုပ်မှုလုပ်ငန်း အတွက် သော်လည်းကောင်း ၊ စက်မှုလက်မှုလုပ်ငန်းအတွက် သော်လည်းကောင်း ၊ အခြား

စီးပွားရေးလုပ်ငန်းတစ်ရပ်ရပ်အတွက်သော်လည်းကောင်း အဖွဲ့ပိုင်ရေသွယ်ပိုက်လိုင်းများ၊ ရေပြွန်တိုင်များမှ ရေကိုသုံးစွဲခြင်းမပြုရ။

၁၁။ အများပြည်သူဆိုင်ရာ ရေပြွန်တိုင်များ၊ ရေသွယ်ပိုက်လိုင်းများကို အသုံးပြုသူများသည် မိမိလိုအပ်သမျှရေရရှိပြီးလျှင် ၎င်းရေပြွန်တိုင် ရေပိုက်လိုင်းများကို ပိတ်ထားရမည်။

၁၂။ မည်သူမဆိုမီးငြိမ်းသတ်ရန်အတွက်မှတစ်ပါး အခြားကိစ္စတစ်ရပ်ရပ်အတွက် ရေကိုရယူသုံးစွဲရန် ရေပြွန်တိုင်များ၊ ရေသွယ်ပိုက်လိုင်းများမှဖွင့်ဖောက်ခြင်းမပြုလုပ်ရ၊ မီးငြိမ်းသတ်ရန်အတွက် ထားရှိပေးထားသည့် ရေပြွန်တိုင်များကိုလည်း အသုံးပြုပြီးနောက် အဆက်မပြတ် စီးဆင်းစေရန်ဖွင့်လှစ်ထားခြင်းမပြုလုပ်ရ။

၁၃။ မည်သူမဆို မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်များအတွင်း ကိုယ်ပိုင်စီးပွားဖြစ်ရေပေးဝေရေးလုပ်ငန်းနှင့် စပ်ဆိုင်သောလုပ်ငန်းအရပ်ရပ်ကို အဖွဲ့၏ခွင့်ပြုချက်မရရှိဘဲ တည်ထောင်ဖွင့်လှစ်လုပ်ကိုင်ခြင်းမပြုရ။

၁၄။ အဖွဲ့သည် မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ မြို့၊ ရပ်ကွက်များတွင် သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိစေရန် ပုဂ္ဂလိကစီးပွားဖြစ် ရေပေးရေးလုပ်ငန်းများကိုစိစစ်ခွင့်ပြုနိုင်သည်။ ပုဂ္ဂလိကစီးပွားဖြစ်ရေပေးရေးလုပ်ငန်းများကို လုပ်ကိုင်ခွင့်ရရှိသူသည် အဖွဲ့မှသတ်မှတ်ခွင့်ပြုထားသော စည်းကမ်းနှင့်အညီ ရေဖြန့်ဖြူးရောင်းချနိုင်ပြီး အဖွဲ့မှ သတ်မှတ်ခွင့်ပြုထားသော ရေဖိုးရေခထက်ပိုမိုကောက်ခံခြင်းမပြုရ။

၁၅။ အဖွဲ့၏ခွင့်ပြုချက်ရရှိပြီး ဖြစ်သော်လည်း ကျန်းမာရေးနှင့်မညီညွတ်ကြောင်း စစ်ဆေးစိစစ်တွေ့ရှိရလျှင် အများပြည်သူနှင့်သက်ဆိုင်သော ရေပေးရေးလုပ်ငန်း(သို့မဟုတ်) ကိုယ်ပိုင်ရေပေးရေးလုပ်ငန်းများကို အသုံးပြုနေခြင်းမှ ပိတ်ပင်တားမြစ်ခြင်း၊ ဆောင်ရွက်နေခြင်းမှရပ်ဆိုင်းထားရမည်။

၁၆။ မည်သူမျှ အဖွဲ့၏ ခွင့်ပြုချက်မရရှိဘဲ အဖွဲ့ပိုင်ရေသွယ်ပိုက်လိုင်းများ၊ ရေပြွန်ပေါက်များ၊ အခြားရေပေးရေးအလုပ်အဆောင် ဆက်စပ်ကိစ္စအဝဝတို့အား ဆက်သွယ်ခြင်း၊ ဖွင့်ဖောက်ခြင်းမပြုလုပ်ရ။

၁၇။ မည်သူတစ်ဦးမျှ အဖွဲ့၏ခွင့်ပြုချက်မရရှိဘဲ မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အောက်ဖော်ပြပါပြုလုပ်မှုတစ်ခုခုကို ဆောင်ရွက်လုပ်ကိုင်ခြင်း မပြုလုပ်ရ-

(က) အဖွဲ့ပိုင် ရေပေးဝေရေးလုပ်ငန်းမှ ရေသွယ်ပိုက်ကိုဖောက်၍ မိမိနေအိမ်အတွင်းသို့ ရေကိုဆက်သွယ်ရယူသုံးစွဲခြင်း၊

(ခ) အဖွဲ့၏ ခွင့်ပြုထားသောရေသွယ်ပိုက်မှတစ်ဆင့် ဆင့်ပွားပိုက်ဖြင့် တပ်ဆင်ဆက်သွယ်၍ ရေကိုရယူသုံးစွဲခြင်း၊

(ဂ) အဖွဲ့၏ခွင့်ပြုထားသော ရေသွယ်ပိုက်မှရေကို ပိုမိုရရှိစေရန်ရည်ရွယ်၍ လျှပ်စစ်(သို့မဟုတ်) အခြားစွမ်းအင်တစ်မျိုးမျိုးကို အသုံးပြု၍ဖြစ်စေ၊ လက်နှိပ်တုံကင် အသုံးပြု၍ဖြစ်စေ ရေကိုရယူသုံးစွဲခြင်း၊

(ဃ) အဖွဲ့၏ခွင့်ပြုချက်ဖြင့် တပ်ဆင်ထားသော ရေမီတာကိုတရားမဝင် မိမိသဘောအလျှောက် ပြုပြင်ခြင်း၊ ဖျက်ဆီးခြင်း၊ ဖြုတ်သိမ်းခြင်း ၊ တစ်နည်းနည်းဖြင့် ပြောင်းလဲပြုပြင်တပ်ဆင်ခြင်း(သို့မဟုတ်) တပ်ဆင်ထားသောရေမီတာကိုအသုံးမပြုဘဲ ရေဆက်သွယ်ရယူသုံးစွဲခြင်း၊

(င) အဖွဲ့ပိုင်ရေထိန်းဘားများအား ဖွင့်ခြင်း ၊ ပိတ်ခြင်း မပြုလုပ်ရ။

၁၈။ အဖွဲ့မှခွင့်ပြုချက်ဖြင့် ရေဆက်သွယ်ရယူရန်ကိစ္စအလို့ငှာ ရေသွယ်ပိုက်များမှ ဖွင့်ဖောက်ဆောင်ရွက်ရာတွင် အဖွဲ့မှ တာဝန်ပေးစေလွှတ်အပ်သောဝန်ထမ်းအဖွဲ့၏ဆောင်ရွက်ချက်မှတစ်ပါး မိမိသဘောအလျှောက် ဖွင့်ဖောက်ဆက်သွယ်ရယူဆောင်ရွက်ခြင်းမပြုရ။

## အခန်း(၄)

## ရေသွယ်ယူရန်အတွက် လိုက်နာဆောင်ရွက်ခြင်း

၁၉။ အိမ်တွင်းမှုကိစ္စအတွက် အိမ်သို့ရေသွယ်လိုလျှင် ဖြစ်စေ၊ ရှိပြီးသားရေပေးဝေမှုတွင် တစ်စုံတစ်ရာထပ်မံထည့်သွင်း ဖြည့်စွက်လိုလျှင်ဖြစ်စေ၊ ပြောင်းလဲခြင်းပြုလုပ်လိုလျှင်ဖြစ်စေ ယင်းသို့ပြုလုပ်လိုသော အိမ်ပိုင်ရှင်(သို့မဟုတ်) လက်ရှိနေထိုင် အသုံးပြုနေသူမှ အဖွဲ့၏ရုံး၌ သတ်မှတ်လျှောက်လွှာကို ဖြည့်စွက်ဆက်သွယ်၍ အခါအားလျော်စွာသတ်မှတ်ထားသောနှုန်းထားဖြင့် ဝယ်ယူ၍သတ်မှတ်ပုံစံအတိုင်း လိုအပ်သည်များဖြည့်စွက်ရေးသွင်း လျှောက်ထားရမည်။

၂၀။ အဆောက်အအုံ(သို့မဟုတ်)မြေတစ်စုံတစ်ရာ (သို့မဟုတ်)ရေသွင်းရယူရန် အတွက် ရေဆက်သွယ်ခြင်းကို အောက်ပါစည်းကမ်းများနှင့်အညီ အဖွဲ့ပိုင်ရေပေးဝေသောပိုက်များမှ တစ်ဆင့်ဆက်သွယ်ရယူရန် အဖွဲ့သို့လျှောက်ထားလာပါကခွင့်ပြုနိုင်သည်-

(က) ရေသွယ်ရယူရန် အဖွဲ့၏ခွင့်ပြုချက်လျှောက်ထားလာသူသည် လုပ်ငန်းတစ်ခုလုံးအတွက်ဌာနဆိုင်ရာ စရိတ်ငွေကျပ်(၁၀၀၀၀/-)ကို အဖွဲ့၏ရုံးပုံငွေသို့ ငွေသွင်းချလံဖြင့်ပေးသွင်းရမည်။ ၎င်းငွေပေးသွင်းပြီးမှသာလျှင် လုပ်ငန်းဆောင်ရွက်ခွင့်ကို အဖွဲ့မှခွင့်ပြုမည်။ ဌာနဆိုင်ရာစရိတ်ငွေကို အဖွဲ့မှ အခါအားလျော်စွာသင့်လျော်သလို ကာလတန်ဖိုးအားဖြင့် ပြင်ဆင်သတ်မှတ်နိုင်သည်၊

(ခ) ရေရယူရန်ဆက်သွယ်သည့် ပင်မရေသွယ်ပိုက်မှတစ်ဆင့် မိမိကိုယ်ပိုင်ရေပြွန်တိုင်သို့ ဆက်သွယ်ဖောက်ယူရာတွင် ရေပြွန်တိုင်နှင့် ဆက်စပ်တပ်ဆင်သော ကရိယာတန်ဆာပလာ၊ လုပ်အားခများကို လျှောက်ထားသူဆန္ဒအလျောက် သုံးစွဲမှု ကုန်ကျစရိတ် အဝဝကိုလျှောက်ထားသူမှ ကျခံရမည်၊

(ဂ) ရေသွယ်ပိုက်တစ်စုံတစ်ရာဆက်သွယ်ခြင်း၊ သွယ်တန်းချထားခြင်း ၊တပ်ဆင်ခြင်းတို့နှင့်စပ်လျဥ်းသည့်လုပ်ငန်းများကို အဖွဲ့ကသော်လည်းကောင်း၊ အဖွဲ့မှတရားဝင်ခန့်အပ်တာဝန်ပေးထားသည့် ကိုယ်စားလှယ်မှသော်လည်းကောင်း လုပ်ကိုင်ဆောင်ရွက်ပေးရမည်။ ရေသွယ်ယူမှုလုပ်ငန်းကိစ္စအဝဝအတွက် သုံးစွဲရမည့်ဆက်စပ်ပစ္စည်းများကို ရေသွယ်ရယူလိုသူမှဝယ်ယူစု ဆောင်းပေးရမည်။ လုပ်ငန်းပြီးစီးသည့်အချိန်တွင် စည်းကမ်းနည်းလမ်းနှင့် အညီတပ်ဆင်သွယ်တန်းခြင်း ရှိ/မရှိ ကိစ္စအလို့ငှာအဖွဲ့၏တာဝန်ရှိသူ ဝန်ထမ်းကစိစစ်ကောက်ခံပြီး အဖွဲ့မှခွင့်ပြုမိန့်ထုတ်ပေးရမည်။ စည်းကမ်းနှင့်ညီညွတ်မှုမရှိက သုံးစွဲခွင့်မပြုရ၊

(ဃ) မည်သည့်ရေသွယ်ပိုက်တွင်မဆို အဆုံးတွင် လက်မဝက်ထက်ကြီးသော ပြွန်အဝမရှိစေရ။ သို့သော်လုံလောက်သော အကြောင်းတစ်စုံတစ်ရာကြောင့်အဖွဲ့ကခွင့်ပြုလျှင် ရေသွယ်ပိုက်အဆုံးတွင်လက်မဝက်ထက်ကြီးသော ပြွန်ဝကိုတပ်ဆင်နိုင်သည်၊

(င) အဖွဲ့၏ခွင့်ပြုချက်ဖြင့် ရေမီတာတပ်ဆင်အသုံးပြုသူများသည် ရေမီတာခကို အဖွဲ့မှသတ်မှတ်နှုန်းထားအတိုင်း လစဉ်ပေးဆောင်ရမည်။ ရေမီတာခနှုန်းထားကို အဖွဲ့မှလိုအပ်သလို ပြင်ဆင်သတ်မှတ်နိုင်သည်၊

(စ) အိမ်သုံးရေပြွန်တိုင်များမှတစ်ပါး အဖွဲ့၏ခွင့်ပြုချက်မရဘဲအဆောက်အအုံဆောက်လုပ်မှု လက်မှုလုပ်ငန်းများနှင့်အခြားသော စီးပွားရေးလုပ်ငန်းများအတွက် အဖွဲ့ပိုင်ရေအားဆက်သွယ်ရယူသုံးစွဲခြင်းမပြုရ။ ယင်းကိစ္စအတွက်ရယူသုံးစွဲလိုက အဖွဲ့၏ခွင့်ပြုချက်သီးခြားလျှောက်ထားရမည်။ အဖွဲ့မှယင်းကိစ္စများ အလို့ငှာအဖွဲ့ပိုင်ရေသုံးစွဲခြင်းအတွက် သင့်လျော်သည့် အခကြေးငွေကိုလစဉ်နှုန်းထားသတ်မှတ်၍ သော်လည်းကာလသတ်မှတ်ချက်ဖြင့်သော်လည်းကောင်း သတ်မှတ်ကောက်ခံခွင့်ပြုနိုင်သည်၊

(ဆ) အဖွဲ့၏ခွင့်ပြုချက်မပါဘဲ ကိုယ်ပိုင်ရေပြွန်တိုင်ကို တိုးချဲ့ခြင်း ၊ ပြောင်းလဲပြင်ဆင်ခြင်း ၊ ရေသွယ်ပိုက်နောက်ထပ်ထည့်သွင်းတပ်ဆင်ခြင်းမပြုလုပ်ရ ။ ရေပိုမိုရရှိစေရန် ရေစုပ်စက်အပါအဝင် အခြားစွမ်းအင်သုံး ပစ္စည်းကိရိယာများတပ်ဆင်သုံးစွဲခြင်း မပြုလုပ်ရ၊

(ဇ) အိမ်သုံးရေပြွန်တိုင်ပိုင်ရှင်သည် အဖွဲ့ပိုင်ရေအားရယူ၍ တစ်ဆင့်အကျိုးအမြတ်အလို့ငှာရောင်းချခြင်းမပြုရ ။ မိမိပိုင်နက်ဥပစာပြင်ပတွင်နေထိုင်သူများအားလည်း မိမိကိုယ်ပိုင်ရေသွယ်ပိုက် ( သို့မဟုတ် )ဆင့်ပွားရေပြွန်တိုင်မှ တစ်ဆင့်အဖွဲ့ပိုင်ရေအားတရားမဝင် သွယ်တန်းဆက်သွယ်ရယူသုံးစွဲခြင်း ခွင့်မပြုရ၊

(ဈ) အိမ်သုံးရေပြွန်တိုင်ပိုင်ရှင် ( သို့မဟုတ် ) လက်ရှိနေထိုင်သူမည်သူမဆိုရေသွယ်ပိုက်များတပ်ဆင်ထားသည့် ကိရိယာတန်ဆာပလာပစ္စည်းများကိုအဖွဲ့မှ တာဝန်ပေးအပ်သူတစ်ဦးဦးက စစ်ဆေးရန်အလို့ငှာ နံနက် (၇)နာရီမှညနေ (၆)နာရီအတွင်း မည်သည့်အချိန်တွင်မဆို(သို့မဟုတ်) အဖွဲ့မှစာဖြင့် ကြိုတင်အကြောင်းကြား ဆက်သွယ်ထားပြီးနောက်မည်သည့် အချိန်တွင်မဆို လွတ်လပ်စွာဝင်ရောက်ကြည့်ရှုစစ်ဆေးခွင့်အားခွင့်ပြုရမည်၊

(ည) အိမ်သုံးရေပြွန်တိုင်ပိုင်ရှင်သည် ရေသွယ်ပိုက်တပ်ဆင်ထားသည့် ကိရိယာတန်ဆာ ပလာပစ္စည်းများကို အဖွဲ့မှကျေနပ်လောက်အောင် နေရာ

တကျပြင်ဆင်တပ်ဆင်ထားရှိရမည်။ ချို့ယွင်းချက်တစ်စုံတစ်ရာတွေ့ရှိလျှင် ယင်းချို့ယွင်းတွေ့ရှိချက်အားအဖွဲ့မှ တာဝန်ရှိသူဝန်ထမ်းမှဖြစ်စေ အဖွဲ့၏ ဤကိစ္စအလို့ငှာ တရားဝင်ခန့်အပ်တာဝန်ပေးထားခြင်းခံရသူကိုယ်စားလှယ်မှ ဖြစ်စေအဖွဲ့သို့ ချက်ခြင်းအစီရင်ခံရမည်၊

( ၄ ) ရေသွယ်ပိုက်နှင့်တပ်ဆင်ထားသည့် ကိရိယာတန်ဆာပလာပြင်ဆင်မှုများကို အဖွဲ့၏တာဝန်ရှိဝန်ထမ်းမှ စစ်ဆေးကြည့်ရှု၍ လိုအပ်သည့် ပြင်ဆင်မှုများပြုလုပ်ရမည်။ ဆိုင်ရာပစ္စည်းပိုင်ရှင် ( သို့မဟုတ် )လက်ရှိနေထိုင်သူသည် ယင်းပြင်ဆင်မှုများအတွက် ကုန်ကျစရိတ်ကိုကျခံရမည့်အပြင် ၎င်းကုန်ကျစရိတ်၏ ( ၃၀ % )ကို ဌာနဆိုင်ရာလုပ်ကိုင်ပေးရသည့်အတွက် ဌာနဆိုင်ရာစရိတ်အဖြစ်ချလံနှင့်ပေးသွင်းရမည်။ ၎င်းငွေကြေးတန်ဘိုးနှုန်းထားကို အဖွဲ့မှအခါအားလျော်စွာ ပြင်ဆင်သတ်မှတ်နိုင်သည်၊

( ၅ ) မည်သည့်အဆောက်အအုံတွင်မှ အဖွဲ့၏ရေပြွန်မကြီးမှဆက်သွယ်သည့်ရေသွယ်ပိုက်တစ်ခုထက်ပိုမို၍ မရရှိစေရ၊

( ၃ ) ရေစိမ့်ဆင်းရာမြောင်းစသည်များနှင့်တကွသင့်လျော်သောသမံတလင်းခုံမြင့်တစ်ခုကို ပိုင်ရှင်မှမပြုလုပ်ရသေးလျှင် အဆောက်အအုံကိုဖြစ်စေ ၊ အသုံးပြုသည့်ရေစီးဆင်းစေရန်အလို့ငှာ အခြားသင့်လျော်သော စီမံချက်များပြုလုပ်ခြင်းမရှိသည့် အဆောက်အအုံကိုဖြစ်စေ ရေပြွန်တိုင်ဆက်သွယ်ပေးခြင်းမပြုရ ၊

( ၆ ) ဤကိစ္စအလို့ငှာ အဖွဲ့ကတာဝန်လွှဲအပ်ခြင်းခံရသည့် ဝန်ထမ်းမှ ကြည့်ရှုစစ်ဆေးသည့်အခါ ရေသွယ်ပိုက်များတပ်ဆင်သည့် ကိရိယာများမှရေအချည်းအနှီးဖြစ်လောက်အောင်ပျက်စီးနေသည်ကိုတွေ့ရှိလျှင်အဖွဲ့မှ ကြိုတင်အကြောင်းကြားစာမပေးပဲ ရေပေးဝေခြင်းကိုရပ်ဆိုင်းထားရ မည်။ ယင်းသို့ရေပေးဝေခြင်းရပ်ဆိုင်းထားရာ၌ ကုန်ကျစရိတ်ငွေကို ပိုင်ရှင်မှကျခံရမည်။ ပိုင်ရှင်၏လျှောက်ထားချက်အရအဖွဲ့ကဖြစ်စေ ၊ အဖွဲ့၏တရားဝင် ခန့်အပ်တာဝန်ပေးအပ်ခြင်းခံရသည့် ကိုယ်စားလှယ်မှဖြစ်စေပြင်ဆင်ပြီးပါကပြင်ဆင်ရာတွင် ကုန်ကျစရိတ်ငွေကို ပိုင်ရှင်မှပေးသွင်းပြီးမှသာ ရေပြွန်တိုင်ကိုပြန်လည်သုံးစွဲခွင့်ပြုရမည်၊

(ဏ) အိမ်သုံးရေပြွန်တိုင်ပိုင်ရှင် သည်ရေသုံးစွဲခြင်းကြောင့် အနီးအနားရှိအများပြည်သူဆိုင်ရာ ရေပြွန်တိုင်များကို ရေပေးဝေမှုအနှောက်အယှက်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရပါက အဖွဲ့မှကြိုတင်သတိပေး၍ ယင်းအိမ်သုံးရေပြွန်တိုင်ကိုပိတ်ပိုင်ခွင့်ရှိသည်၊

(တ) မိုးခေါင်ခြင်းကြောင့်ဖြစ်စေ ၊ မတော်တဆဖြစ်ခြင်းကြောင့်ဖြစ်စေ မလွှဲရှောင်သာသောအကြောင်း တစ်ခုခုကြောင့်ဖြစ်စေ ၊ အဖွဲ့မှရေမပေးဝေနိုင်လျှင် ရေမပေးဝေနိုင်သောကာလအတွက် အဖွဲ့၌တာဝန်မရှိသည့်အပြင်လျော်ကြေးငွေတစ်စုံတစ်ရာကိုလည်း အဖွဲ့သို့တောင်းခံခွင့်မရှိစေရ၊

(ထ) အများပြည်သူဆိုင်ရာ ရေပြွန်တိုင် ( Public Stand Pipe ) (သို့မဟုတ်) အဖွဲ့ပိုင်ရေတွင်း (သို့မဟုတ်)ရေအရင်းအမြစ်၏ ပေ(၃၀၀)စက်ဝိုင်းပတ်ဝန်း ကျင်တွင်တည်ရှိသော အိမ်များတွင်နေထိုင်သူများ (သို့မဟုတ်) အိမ်ရှင် များသည် အဖွဲ့ပိုင်ရေ၏အကျိုးကိုခံစားခွင့်ပြုထားသော်လည်း အခါအားလျော်စွာအဖွဲ့မှ စည်းကြပ်ကောက်ခံသောရေခွန်ကိုပေးဆောင်ရမည်။

၂၁။ အိမ်သုံးရေပြွန်တိုင်ပိုင်ဆိုင်သူတစ်ဦးသည် မိမိရေသွယ်ပိုက်မှ တစ်ခြားအိမ်များသို့အကြောင်းအမျိုးမျိုးကြောင့် ထပ်ဆင့်ရေသွယ်ရယူသုံးစွဲခွင့်မပြုလုပ်ရ။

၂၂။ မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မည်သူမဆိုအိမ်သုံးရေပြွန်တိုင်များအသစ်ဆက်သွယ်ခြင်း ၊ ရေပြွန်တိုင်များ ၊ ရေပြွန်ပေါက်များကိုကြည့်ရှုစစ်ဆေးပေးနိုင်စေရန်အလို့ငှာ သတ်မှတ်ပုံစံများဖြည့်စွက်၍ အဖွဲ့သို့လျှောက်ထားနိုင်သည်။

၂၃။ ရေပြွန်တိုင်တစ်ခုဆက်သွယ်ခြင်းတွင် အောက်ပါအစိတ်အပိုင်းများနှင့်ကိရိယာများပါရှိရမည်-

(က) ရေသွယ်ပိုက်မကြီးတွင်တပ်ဆင်ရန် ဝက်အူရစ်နှစ်ဘက်ပါသည့် ပြွန်အတိုအပိုင်း( နီပယ် ) ( ၂ )ပိုင်း၊

( ခ) နီပယ်၏ထိပ်တွင်တပ်ဆင်ရန်ရေအဖွင့် အပိတ်သော့( ဂိတ်ဘား )နှင့် ဂိတ်ဘားကိုလုံခြုံစွာထည့်ထားရန်အုတ်ဘလောက်၊

(ဂ) ယူနီယံ ၊

(ဃ) ရေသွယ်ပိုက်များ ၊

(င) ရေပြွန်ခေါင်းများ ၊

(စ) အဖွဲ့မှသတ်မှတ်ပေးသည့် အခြားလိုအပ်မည့်ကိရိယာများ ၊ အစိတ်အပိုင်းများ ၊

(ဆ) ရေမီတာ ၊

၂၄။ မည်သူမဆို ရေနွေးငွေ့ရရှိရန်အတွက်ဖြစ်စေ ၊ ရေနွေးအိုးတစ်စုံတစ်ရာနှင့် ရေသွယ်ပိုက်သို့ တိုက်ရိုက်ဆက်သွယ်ခြင်းမပြုလုပ်ရ။ ယင်းသို့ရေနွေးအတွက် ရေကို စည် ၊ ရေကန်စသည်များမှတဆင့် ဆက်သွယ်သုံးစွဲရမည်။ ၎င်း စည် ၊ ရေကန်စသည်များတွင်ရေအလိုအလျောက်ဖွင့်ပိတ်သည့် ကိရိယာများတပ်ဆင်သုံးစွဲရမည်။ အကယ်၍အလိုအလျောက်ဖွင့်ပိတ်ကိရိယာချို့ယွင်းခဲ့သော် ရေပြည့်ကြောင်းရှင်းလင်းစေခြင်းဖြင့် သိနိုင်သည့်နည်းလမ်းထားရှိသုံးစွဲရမည်။ မည်သည့်ရေနွေးအိုးမျှ ယင်းသို့သောနည်းဖြင့် ရေပေးသွင်းရန်အဖွဲ့၏ ခွင့်ပြုချက်မရဘဲမပြုလုပ်ရ။

၂၅။ မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မည်သူမဆို ဤစည်းကမ်းအရ အဖွဲ့မှ ပေးဝေသည့်ရေကို ပေါ့တန်စွာဖြုန်းတီးလျှင်ဖြစ်စေ ၊ အလွဲသုံးလျှင်ဖြစ်စေ ၊ အဖွဲ့ကထိုဖြုန်း တီးအလွဲသုံးသည့်အိမ် (သို့မဟုတ်)ခြံ ၊ မြေကွက်ကိုပေးဝေသည့် ရေတိုင်ကိုပိတ်ပင်တားမြစ်ခြင်းဖြစ်စေ ၊ အဖွဲ့မှသင့်လျော်သည့် ထင်မြင်သောအခြားနည်းလမ်းဖြင့်ဖြစ်စေ ၊ လွှဲထုတ် (သို့မဟုတ်) ပိတ်ပင်တားမြစ်ခွင့်ရှိသည်။ ထိုသို့ရေပေးဝေမှုပိတ်ခြင်း (သို့မဟုတ်) လွှဲထုတ် ခြင်းကြောင့်ကုန်ကျစရိတ်ငွေကို ကျူးလွန်သူရေပြွန်ပိုင်ရှင်မှ ကျခံ၍အဖွဲ့ရန်ပုံငွေသို့ ပေးသွင်း ရမည့်အပြင် ဤနည်းဥပဒေအရ တရားစွဲဆိုခြင်းကိုလည်း ခံရမည်။

၂၆။ ဤနည်းဥပဒေအရ ခွင့်ပြုသည့်ရေသွယ်ပြွန်တိုင်တစ်စုံတစ်ရာအတွက် ရေဘိုးရေခပေးသွင်းရန် ကျရောက်သည့်နေ့တွင်ပေးသွင်းရန် ပျက်ကွက်လျှင်အဖွဲ့မှ အခွန်စည်းကြပ်ခံရသည့်အိမ်သို့ရေပေးဝေခြင်းကိုပိတ်ထားခြင်း(သို့မဟုတ်)ရေသွယ်ပိုက်များဖြုတ်သိမ်းခြင်း ပြုလုပ်နိုင်ခွင့်ရှိသည်။ ရေပေးဝေမှုရပ်ဆိုင်းခြင်း ၊ ရေသွယ်ပိုက်များဖြုတ်သိမ်းခြင်းကြောင့် ကုန်ကျစရိတ်ငွေကြေးကို ကျူးလွန်သူရေပြွန်ပိုင်ရှင် (သို့မဟုတ်) လက်ရှိသုံးစွဲသူမှ ကျခံရမည့်အပြင် မပေးကျန်ရှိနေသေးသော ရေမီတာခနှင့်အခြားစရိတ် ကြေးငွေများကိုအပြေအလည်အဖွဲ့သို့ ပေးသွင်းပြီးမှသာ အဖွဲ့ပိုင်ရေကိုပြန်လည်ဆက်သွယ်သုံးစွဲခွင့်ပေးရ မည်။

၂၇။ ဤနည်းဥပဒေအရ -

(က) မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မည်သူမဆိုအတည်ပြုပြဋ္ဌာန်းခြင်းမပြုမီက မိမိအိမ်အတွင်းသို့သော်လည်းကောင်း ၊ မြေတွင်းသို့သော်လည်းကောင်း ၊ အဖွဲ့ပိုင်ရေပေးဝေရေးလုပ်ငန်းမှရေကိုတရားမဝင်ဆက်သွယ်ရယူထားပြီးဖြစ်ပါက ဤနည်းဥပဒေများ အတည်ဖြစ်သောနေ့ရက်မှစ၍ ဤနည်းဥပဒေအရ အကျိုးဝင်သက်ဆိုင်စေရမည်၊

(ခ) မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မည်သူမဆို ဤနည်းဥပဒေအား အတည်ပြုပြဋ္ဌာန်းခြင်းမပြုမီက မိမိအိမ်အတွင်းသို့သော်လည်းကောင်း ၊ မြေအတွင်းသို့သော်လည်းကောင်းအဖွဲ့၏ ရေပေးဝေရေးလုပ်ငန်းမှ ရေကိုတရားမဝင်ဆက်သွယ်ရယူထားပြီးဖြစ်ပါက ဤနည်းဥပဒေအပိုဒ်( ၂၀ )တွင် ပြဋ္ဌာန်းထားသောအချက်များနှင့် အညီအဖွဲ့၏ခွင့်ပြုချက်ရရှိရန် နည်းလမ်းတစ်ကျလျှောက်ထားရမည်။ လျှောက်ထားချက်ကိုအဖွဲ့ကစိစစ်ပါယ်ဖျက်နိုင်သည့်အပြင် ရေပြွန်တိုင်ဆက်သွယ်ထားရှိမှုကိုလည်းရပ်စဲ၍ ရေပေးဝေခြင်းကို ပိတ်ထားခြင်း (သို့မဟုတ်)ရေသွယ်ပိုက်များကို ဖြုတ်သိမ်းခြင်းပြုလုပ်နိုင်သည်။

၂၈။ အဖွဲ့ပိုင်ရေပိုက်ကို အခြားသူပိုင်ဆိုင်သည့် မြေကိုဖြတ်၍ ဆောင်ရွက်ရလျှင်မြေပိုင်ရှင်က ဆောင်ရွက်ခွင့်ပြုရမည်။

၂၉။ ရေပိုက်ကို အခြားသူတစ်ဦး၏မြေကိုဖြတ်၍ဆောင်ရွက်လျှင် မြေပိုင်ရှင်မှနစ်နာမှုရှိလျှင် ထိုနစ်နာမှုအတွက် ကော်မတီမှ သတ်မှတ်သည့်သင့်လျှော်သော လျော်ကြေးငွေကို ရေပိုက်ဆက်သွယ်သူမှ နစ်နာသူအားပေးစေရမည်။

## အခန်း ( ၅ )

## ပြစ်မှု ပြစ်ဒဏ်များ

၃၀။ မည်သူမဆို အခန်း( ၃ )ပါ တားမြစ်ချက်များနှင့် အခန်း( ၄ )ပါ ရေသွယ်ရန်အတွက် လိုက်နာဆောင်ရွက်ရန် အပိုဒ်များကိုလိုက်နာရန်ပျက်ကွက်ကြောင်း ( သို့မဟုတ် ) ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစာရင်းခံရလျှင် ထိုသူသည် ငွေဒဏ်( ၂၀၀၀၀ိ/-

မှ ၁၀၀၀၀၀ကျပ်/- )ထိ ချမှတ်ခံရမည့်အပြင် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုစီရင်ခြင်းခံရပြီး နောက်ဆက်လက်၍ လိုက်နာရန်ပျက်ကွက်ခဲ့လျှင် ( သို့မဟုတ် ) ဖောက်ဖျက်ကျူးလွန်၍ ထိုသူသည်ဆက်လက်၍ ပျက်ကွက်ခြင်း ( သို့မဟုတ် ) ဖောက်ဖျက်ကျူးလွန်သည့်နေ့ အသီးသီးအတွက် တစ်နေ့လျှင် ငွေဒဏ် ( ၁၀၀၀ကျပ်/- ) ချမှတ်ခြင်းခံရမည်။

## အခန်း ( ၆ )

## အထွေထွေ

၃၁။ ဤနည်းဥပဒေပါ ပြဋ္ဌာန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနက စည်းကမ်းများ ၊ အမိန့်များ ၊ အမိန့်ကြော်ငြာစာနှင့် ညွှန်ကြားချက်များအား လည်းကောင်း ၊ ကော်မတီနှင့် အမိန့်ညွှန်ကြားချက်များကို လည်းကောင်း ထုတ်ပြန်နိုင်သည်။

ပုံ

အောင်နိုင်ဦး

ဝန်ကြီး

ကယားပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာန

## ကယားပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် ( / ၂၀၁၅ )

## ၁၃၇၆ ခုနှစ် ၊ ( ) ရက်

## ( ၂၀၁၅ ခုနှစ် ၊ မေ လ ရက် )

## နိဒါန်း

"ကယားပြည်နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အမှိုက်သရိုက်အညစ်အကြေးများကို စွန့်ပစ်ခြင်း ၊ သိမ်းဆည်းခြင်းတို့နှင့် စပ်လျဉ်း၍ စည်ပင်သာယာရေးဆိုင်ရာ ကြီးကြပ်စီမံခန့်ခွဲခြင်း နည်းဥပဒေ"

## အခန်း(၁)

## အမည်နှင့်အဓိပ္ပါယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေကို "ကယားပြည်နယ်အတွင်း အမှိုက်သရိုက် အညစ်အကြေးများကို စွန့်ပစ်ခြင်း ၊ သိမ်းဆည်းခြင်း တို့နှင့်စပ်လျဉ်း၍ စည်ပင်သာယာရေးဆိုင်ရာကြီးကြပ်စီမံခန့်ခရေး နည်းဥပဒေ"ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ် သက်ရောက်စေရမည် -

(က) ပြည်နယ်ဆိုသည်မှာ ကယားပြည်နယ်ကိုဆိုလိုသည်။

(ခ) ကော်မတီဆိုသည်မှာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များကိုဆိုလိုသည်။

(ဂ) ပြည်နယ် နယ်နိမိတ်ဆိုသည်မှာ ကယားပြည်နယ် စည်ပင်သာယာရေး နယ် နယ်နိမိတ်များကိုဆိုသည်။

(ဃ) အမှိုက်သရိုက် အညစ်အကြေးဆိုသည်မှာ ပြည်နယ်စည်ပင်သာယာရေး နယ်နိမိတ်များ အတွင်း (သို့မဟုတ်) မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်များအဖြစ် သတ်မှတ်ကြေညာထားသော နယ်နိမိတ်အတွင်း နေထိုင်သူများမှ နေ့စဉ်ချက်ပြုတ်စားသောက်ခြင်းကြောင့် သော်လည်းကောင်း ၊ ရောင်းဝယ်ဖောက်ကားမှုကြောင့်သော်လည်းကောင်း ၊ စီးပွားရေးလုပ်

ငန်း တစ်စုံတစ်ရာကို လုပ်ကိုင်ဆောင်ရွက်ခြင်းကြောင့် သော်လည်းကောင်း ၊ ပြုလုပ်မှုအကြောင်း တစ်ခုခုကြောင့် သော်လည်းကောင်း ၊ အမှုန် (သို့မဟုတ်) ဒြပ်ထု အစိုင်အခဲ (သို့မဟုတ်) အရည် သဘာဝပုံသဏ္ဍာန်တစ်မျိုးမျိုးဖြင့် ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများ ၊ အသုံးမလိုတော့သည့် ဂတ္တုပစ္စည်းများ ၊ ဘေးထွက်အပိုပစ္စည်းများနှင့် စက်ဆုပ်ဖွယ်ရာ ဂတ္တုပစ္စည်း တစ်မျိုးမျိုးကိုဆိုသည်။ ယင်းစကားရပ်တွင် ဆိုခဲ့သည့် နယ်နိမိတ်အတွင်း နေထိုင်သူများ၏ နေအိမ် ၊ ဝင်းခြံ ၊ ဥပစာများ အတွင်းမှ သဘာဝအကြောင်း တစ်ရပ်ရပ် ကြောင့်ဖြစ်စေ ၊ ပြုလုပ် ဆောင်ရွက်မှု တစ်ခုခုကြောင့် ဖြစ်စေထွက်ပေါ်လာသော သစ်ပင် သစ်ကိုင်း ၊အမှိုက်သရိုက်များ ၊ တိရစ္ဆာန်အသေကောင်များနှင့် တိရစ္ဆာန်ထွက် အညစ်အကြေး ၊ ဂတ္တုပစ္စည်းများ လည်းပါဝင်သည်။

(င) မီးဖိုချောင်ထွက် အမှိုက်ဆိုသည်မှာ နေ့စဉ်စားသောက်ရန် ချက်ပြုတ်ကြော်လှော်လုပ်ကိုင် ဖန်တီးခြင်းကြောင့် ထွက်ရှိလာသည့် အမှိုက်သရိုက် အညစ်အကြေး များကိုဆိုသည်။

(စ) စီးပွားရေးလုပ်ငန်းထွက်အမှိုက် ဆိုသည်မှာ နိုင်ငံတော်ပိုင်ဖြစ်စေ ၊ ပုဂ္ဂလိကနှင့် အဖွဲ့အစည်း တစ်ရပ်ရပ်ပိုင်ဖြစ်စေ ၊ စီးပွားရေးလုပ်ငန်းတစ်ရပ်ရပ်ကြောင့်ဖြစ်စေ ထွက်ရှိလာသော အမှိုက်သရိုက် အညစ်အကြေးများကိုဆိုသည်။

(ဆ) ဆေးရုံဆေးခန်းထွက်အမှိုက် ဆိုသည်မှာ နိုင်ငံတော်ပိုင်ဖြစ်စေ ၊ ပုဂ္ဂလိကနှင့် အဖွဲ့အစည်း တစ်ရပ်ရပ်ပိုင်ဖြစ်စေ ဆေးရုံ (သို့မဟုတ်) ဆေးခန်း တစ်မျိုးမျိုးမှ ထွက်ရှိလာသော လူကိုထိရှအန္တရာယ် ဖြစ်စေနိုင်သည့် ပုလင်းခွံ ဆေးထိုးအပ်ဟောင်းများ အပါအဝင် ဆေးပစ္စည်းဆိုင်ရာ အမှိုက်သရိုက် အညစ်အကြေးများကိုဆိုသည်။

(ဇ) ခြံထွက်အမှိုက် ဆိုသည်မှာ ဝန်းခြံ ၊ ဥပစာတစ်ခုခုအတွင်းရှိ သစ်ပင်ကြီးငယ် အမျိုးမျိုးကို ခုတ်ထွင်ရှင်းလင်းခြင်းကြောင့်ဖြစ်စေ ၊ သဘာဝအလျောက်ဖြစ်စေ ထွက်ရှိလာသော သစ်ပင် ၊ သစ်ကိုင်း ၊ သစ်ရွက်

အမှိုက်သရိုက်နှင့် အခြားနည်းဖြင့် ပေါ်ထွက်အမှိုက်သရိုက် တစ်မျိုးမျိုးကိုဆိုသည်။

(ဈ) စက်ရုံ အလုပ်ရုံထွက်အမှိုက် ဆိုသည်မှာ နိုင်ငံတော်ပိုင်ဖြစ်စေ ၊ ပုဂ္ဂလိကပိုင်ဖြစ်စေ စက်ရုံ ၊ အလုပ်ရုံကြီးများ ၊ စက်မှုလက်မှုလုပ်ငန်းများနှင့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော အမှိုက်သရိုက် အညစ်အကြေးများ ကိုဆိုသည်။

(ည) တည်ဆောက်ရေးလုပ်ငန်းထွက်အမှိုက် ဆိုသည်မှာ နေအိမ် (သို့မဟုတ်) အဆောက်အအုံ တစ်စုံတစ်ရာကို ပြုပြင်ခြင်း (သို့မဟုတ်) ဆောက်လုပ်ခြင်း ၊ ဖြိုချဖျက်သိမ်းခြင်းကြောင့်ဖြစ်စေ ၊ တည်ဆောက်ရေးလုပ်ငန်း တစ်ရပ်ရပ်ကို လုပ်ဆောင်ခြင်းကြောင့်ဖြစ်စေ ထွက်ရှိလာသော အမှိုက်သရိုက်များ ၊ မြေကြီး ၊ မြေစာများနှင့် လုပ်ငန်းသုံးပစ္စည်း အစိတ်အပိုင်းအစအနများ ကိုဆိုသည်။

(ဋ) သာမန်အမှိုက်ဆိုသည်မှာ လမ်းသွားလမ်းလာများ ၊ ခရီးသည်များက အလွယ်တကူစွန့်ပစ်လိုက်သော အမှိုက်များနှင့် ဆိုခဲ့သည့် အမှိုက်သရိုက် အမျိုးအစားများနှင့် အကျုံးမဝင်သည့် ထုထည်ပမာဏ ကြီးမားခြင်း မရှိသော အခြားအသေးအဖွဲ အမှိုက်များကိုဆိုသည်။

(ဌ) အမှိုက်စွန့်ပစ်ရန်နေရာဆိုသည်မှာ အဖွဲ့ကသော်လည်းကောင်း ၊ အဖွဲ့၏ ညွှန်ကြားကြီးကြပ်မှုဖြင့် သော်လည်းကောင်း ၊ အမှိုက်သရိုက်များ အလွယ်တကူ ထည့်သိုစွန့်ပစ်နိုင်ရန် ပြုလုပ်ထားရှိသော ၊ တည်ဆောက်သတ်မှတ်ပေးထားသော အမှိုက်ပုံးများ ၊ အမှိုက်ကန်များနှင့် ယာယီအမှိုက်စုပုံရန် သတ်မှတ်ထားသည့် နေရာများကိုဆိုလိုသည်။

(ဍ) အမှိုက်ကျင်းဆိုသည်မှာ အမှိုက်စွန့်ပစ်ရန်နေရာများမှ သိမ်းဆည်းသယ်ယူလာသော အမှိုက်သရိုက်များ ၊ မြို့တွင်းရပ်ကွက်အလိုက်လှည့်လည်သိမ်းဆည်းရန် သတ်မှတ်ထားသော လမ်းကြောင်းတစ်လျှောက် သိမ်းဆည်းသယ်ဆောင်လာသော အမှိုက်သရိုက်များ အပါအဝင် မည်သည့်အမှိုက်များကိုမဆို အပြီးသတ်စုပုံစွန့်ပစ် ထားရှိရန် အဖွဲ့မှ သတ်မှတ်ထားသောမြေနေရာကိုဆိုသည်။

(ဃ) အမှိုက်ခွန် ဆိုသည်မှာ မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်များအတွင်း ရှိ အဆောက်အဦ မြေ၏ တစ်နှစ်ငှားရမ်းခတန်ဖိုး အပေါ်စည်ပင်သာ

ယာရေးအဖွဲ့များ ဥပဒေအခန်း(၆) ပုဒ်မ(၁၅) အပိုဒ်ခွဲ(ခ) နှင့် ပုဒ်မ (၁၆) အပိုဒ်ခွဲ(က)တို့အရ သတ်မှတ်ရာနှုန်းဖြင့် အမှိုက်နှင့် အညစ်အကြေးခွန် အဖြစ် ပစ္စည်းခွန်တွင်စည်းကြပ်ကောက်ခံသော အချကြေးငွေကိုဆို သည်။

(ဏ) အမှိုက်သိမ်းဆည်းခ ဆိုသည်မှာ မီးဖိုချောင်ထွက် အမှိုက် သို့မဟုတ် သာမန်အမှိုက် များမှအပ ကျန်အမှိုက်တစ်မျိုးမျိုးကို အဖွဲ့၏ပုံမှန် သတ်မှတ် ဆောင်ရွက်လျက်ရှိသော အမှိုက်သိမ်းဆည်းမှု အစီအစဉ် အရဖြစ်စေ ၊ သီးခြား အစီအစဉ်အရဖြစ်စေ ၊ သိမ်းဆည်းရှင်းလင်းသယ်ယူ စွန့်ပစ် ပေးရခြင်းအတွက် အဖွဲ့မှ သတ်မှတ်စည်းကြပ်တောင်းခံသော သို့မဟုတ် သီးခြားစည်းကြပသော သတ်မှတ်သည့် အခကြေးငွေကို ဆိုသည်။

(တ) အဖွဲ့ဆိုသည်မှာ ကယားပြည်နယ်အတွင်းရှိ မြို့နယ်စည်ပင်သာယာရေး အဖွဲ့များကို ဆိုသည်။

## အခန်း(၂)

၃။ ဤနည်းဥပဒေများ၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

(က) စည်ပင်သာယာရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် အမှိုက်နှင့် အညစ်အ ကြေးများကို စွန့်ပစ်ခြင်း ၊ သိမ်းဆည်းခြင်း ဖြင့် မြို့သန့်ရှင်းသာယာ ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆောင်ရွက်ရန် ၊

(ခ) အမှိုက်နှင့် အညစ်အကြေးများကို စွန့်ပစ်ခြင်းသိမ်းဆည်းခြင်းအား စနစ် တကျဆောင်ရွက်ခြင်း ဖြင့်ရရှိသည့် ဝန်ဆောင်ခများဖြင့် စည်ပင်သာယာ ရေးလုပ်ငန်းများ တိုးတက်ဆောင်ရွက်ရန် ၊

(ဂ) ပြည်နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အမှိုက်နှင့် အညစ်အ ကြေးစွန့်ပစ်သည့် သန့်ရှင်းရေးလုပ်ငန်းကို စနစ်တကျစီမံ ကြီးကြပ် ဆောင်ရွက်နိုင်ရန် ၊

## အခန်း(၃)

## မီးဖိုချောင်သုံး အမှိုက်နှင့်သာမန်အမှိုက်များသိမ်းဆည်းခြင်း

၄။ ကော်မတီသည် မြို့သန့်ရှင်းရေးအတွက် မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ခေါင်းလောင်းထိုး အမှိုက်သိမ်း စနစ်လမ်းအလိုက် တံမြက်စည်းလှည်း သိမ်းဆည်းခြင်းတို့အား လူအင်အား ၊ အမှိုက်သိမ်းအင်အားအရ အမှိုက်သိမ်းဆည်းဆောင်ရွက်ပေးရမည်။

၅။ ယင်းသို့ဆောင်ရွက်နိုင်ရန် ရပ်ကွက်အလိုက်ခေါင်းလောင်းတီး အမှိုက်သိမ်းလမ်းကြောင်း ဆောင်ရွက်မည့် နေ့ရက် အချိန် သတ်မှတ်ခြင်းတို့ကို စီမံဆောင်ရွက်ရမည်-

၆။ သတ်မှတ်ထားသည့် နေ့ရက် အချိန်တိုင်းတွင် မီးဖိုချောင် အမှိုက်များနှင့် သာမန်အမှိုက်များအား အမှိုက်သိမ်းယာဉ်ပေါ်သို့ စနစ်တကျ စွန့်ပစ်ရမည်။

၇။ ကော်မတီသည် အမှိုက်နှင့် နံစော်နေသော အရာဝတ္ထုများကို စွန့်ပစ်ခြင်းမပြုမီ စုဆောင်း၍ ထည့်ရန် သင့်လျော်သည့်အမှိုက်ပုံး ၊ အမှိုက်အိတ်များ စီမံထားရှိရန် အဆောက်အအုံပိုင်ရှင် သို့မဟုတ် လက်ရှိနေထိုင်သူအား ညွှန်ကြားရမည်။

၈။ နည်းဥပဒေအပိုဒ် (၇) အရညွှန်ကြားခံရသူသည် လိုအပ်သောအမှိုက်ပုံးများကို လုံလောက်စွာပြုလုပ်ထားရှိပြီး၊ မိမိတို့စွန့်ပစ်မည့်အမှိုက်ကို လုံလောက်စွာဝန်ဆန့်နိုင်သည့် ထုထည်ပမာဏရှိရမည်။

၉။ မိမိပိုင် အမှိုက်ပုံးများအတွင်းသို့ အမှိုက်များစွန့်ပစ်ရာတွင် အမှိုက်များထွက်ကျ၍ ပြန့်ကျဲခြင်း မဖြစ်ပေါ်စေဘဲ စနစ်တကျစွန့်ပစ်ရမည်။

## အခန်း(၄)

## စီးပွားရေးထွက် အမှိုက်များ ဝန်ဆောင်ခအဖြစ်သိမ်းဆည်းပေးခြင်း

၁၀။ ကော်မတီသည် စီးပွားရေးလုပ်ငန်းထွက် အမှိုက်များကို မြို့တွင်းလှည့်လည် သိမ်းဆည်းမှု အစီအစဉ်အရဖြစ်စေ ၊ သီးခြားအစီအစဉ်အရဖြစ်စေ သိမ်းဆည်းရပါ ကလစဉ် အမှိုက်သိမ်းဆည်းခအား ကော်မတီမှ သတ်မှတ်သည့်နှုန်းထားများ အတိုင်းလုပ်ငန်းပိုင်ရှင် သို့မဟုတ် တာဝန်ခံသူမှ ကော်မတီသို့ သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ပေးဆောင်ရမည်။

၁၁။ စီးပွားရေးအမှိုက်သိမ်းဆည်းခပေးဆောင်သူများသည် အမှိုက်သိမ်းဆည်းခ ကောက်ခံနိုင်ရန် သတ်မှတ်ထားသော လျှောက်လွှာပုံစံတွင် ဖြည့်စွက်၍ အမှိုက်သိမ်းဆည်းခွင့် လျှောက်ထားရမည်။

၁၂။ ကော်မတီသည်လျှောက်လွှာများကို သိမ်းဆည်း၍သတ်မှတ်သည့် နှုန်းထားများကို သတ်မှတ်ပြီး မှတ်ပုံတင်စာရင်းတွင်ရေးသွင်း မှတ်တမ်းတင်ကာ (၁)လစာ အခကြေးငွေကို ကြိုတင်ပေးသွင်းစေလျက် အမှိုက်သိမ်းခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးရမည်။

## အခန်း(၅)

## ခြံထွက်အမှိုက်၊ စက်ရုံအလုပ်ရုံအမှိုက်များနှင့် တည်ဆောက်ရေးလုပ်ငန်း အမှိုက်များစွန့်ပစ်ခြင်း

၁၃။ သစ်ပင်၊ သစ်ကိုင်းစသည့် ခြံထွက်အမှိုက်များ၊ စက်ရုံအလုပ်ရုံထွက်စွန့်ပစ်ပစ္စည်းအမှိုက်များ၊ အဆောက်အအုံဖြတ်သိမ်းရာမှ ထွက်ရှိလာသည့် အမှိုက်များတည်ဆောက်ရေးလုပ်ငန်းထွက်စွန့်ပစ်အမှိုက်များ၊ ဆေးရုံဆေးခန်းထွက်အမှိုက်များအား သက်ဆိုင်ရာပိုင်ရှင်နှင့် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်သူတာဝန်ရှိသူမှ မိမိအစီအစဉ်ဖြင့် သတ်မှတ်ထားသော အမှိုက်ကျင်းသို့ သွားရောက်စွန့်ပစ်ရမည်။

၁၄။ အကယ်၍ဖော်ပြပါ အမှိုက်များအားကော်မတီမှ သိမ်းဆည်းပေးရန်လျှောက်ထားလာပါက သိမ်းဆည်းပေးရမည့် အမှိုက်ထုထည်ပမာဏ၊ အမှိုက်သိမ်းယာဉ်အခေါက်ရေ၊ ခရီးအကွာအဝေးနှင့် ကုန်ကျမည့်ဝန်ဆောင်ခတို့ကို တွက်ချက်၍ သီးခြားအမှိုက်သိမ်းခဖြင့် ကြိုတင်ပေးဆောင်စေပြီး သိမ်းဆည်းဆောင်ရွက်ပေးရမည်။

## အခန်း( ၆ )

## အညစ်အကြေးများသိမ်းဆည်းခြင်း

၁၅။ အညစ်အကြေးသိမ်းဆည်းလိုသူသည် ကော်မတီထံသတ်မှတ်ထားသည့် နည်းလမ်းများအတိုင်း လျှောက်ထားရမည်။

၁၆။ ကော်မတီမှသိမ်းဆည်းပေးရမည့် အညစ်အကြေးပမာဏ ၊ ရေဆိုးစုပ်ယာဉ် အခေါက်ရေ ၊ ခရီးအကွာအဝေးနှင့် ကုန်ကျမည့်ဝန်ဆောင်ခတို့ကိုတွက်ချက်၍ အညစ်အကြေးသိမ်းဆည်းခအဖြစ် ကြိုတင်ပေးသွင်းပြီးသိမ်းဆည်းဆောင်ရွက်ပေးရမည်။

အောင်နိုင်ဦး

ဝန်ကြီး

ကယားပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာန